**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန**

**မြန်မာ့အာမခံလုပ်ငန်း**

**အလုပ်လျှောက်လွှာခေါ်ယူခြင်း**

၁။ မြန်မာ့အာမခံလုပ်ငန်းတွင် လစ်လပ်လျက်ရှိသော ဒု-ကြီးကြပ်ရေးမှူး (လစာနှုန်းကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) ရာထူး (၃၆) နေရာအတွက် ယှဉ်တွဲဖော်ပြပါ သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီသူများလျှောက်ထားနိုင်ပါသည်။

၂။ ဒု-ကြီးကြပ်ရေးမှူးရာထူးနေရာများအတွက် အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီသူများသည် ကိုယ်တိုင်ရေးလျှောက်လွှာပုံစံနှင့်အတူ စာရွက်စာတမ်းများ ပူးတွဲ၍ မြန်မာ့အာမခံလုပ်ငန်း (ရန်ကုန်) တွင် **၁၉-၈-၂၀၂၂ ရက် (သောကြာနေ့)** နောက်ဆုံးထား၍ လူကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားဖြစ်စေ ရုံးချိန်အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

လျှောက်ထားသူသည်-

၃။ (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) တက္ကသိုလ်တစ်ခုခုမှအောက်ပါဘွဲ့ရရှိသူများဖြစ်ရမည်-

**(၁) ကွန်ပျူတာတက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူ၊**

**(၂) နည်းပညာတက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူ၊**

**(၃) စီးပွားရေးတက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူ၊**

**(၄) သမဝါယမတက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူ၊**

**(၅) အမျိုးသားစီမံခန့်ခွဲမှုဒီဂရီကောလိပ်မှ ဘွဲ့တစ်ခုခုရရှိသူ၊**

(ဂ) **၁-၈-၂၀၂၂** ရက်နေ့တွင် အသက် **(၃၀)** နှစ်ထက်မကျော်လွန်စေရ။

(ဃ) နိုင်ငံ့ဝန်ထမ်း (အမြဲတမ်းခန့်ဝန်ထမ်း) ဖြစ်ပါက **၁-၈-၂၀၂၂** ရက်နေ့တွင် အသက် **(၃၅)** နှစ်ထက် မကျော်လွန်စေရ။

(င) (၆) လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့ဓါတ်ပုံ (၃) ပုံ၊ ဘွဲ့လက်မှတ်/ ဘွဲ့ထောက်ခံစာမိတ္တူ၊ အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ၊ အခြားတတ်ကျွမ်းသော ဘာသာရပ်များအတွက် အောင်လက်မှတ်မိတ္တူနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ။

(စ) (၁) လအတွင်းပြုလုပ်ထားသော အကျင့်စာရိတ္တကောင်းမွန်ကြောင်း ကျေးရွာ/ ရပ်ကွက်ထောက်ခံစာမူရင်း နှင့် ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရဲစခန်းထောက်ခံစာမူရင်း။

(ဆ) သက်တမ်းရှိ အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ။

(ဓ) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်း၏ ခွင့်ပြုကြောင်း ထောက်ခံစာ (မူရင်း/ မိတ္တူ)။

(စျ) ဒု-ကြီးကြပ်ရေးမှူးရာထူးတွင် ခန့်ထားခြင်းခံရပါက ဌာနတွင် အနည်းဆုံး (၃) နှစ် တာဝန်ထမ်းဆောင်ရမည်။

၄။ ဒု-ကြီးကြပ်ရေးမှူးရာထူးနေရာများအတွက် အရည်အချင်းစစ်ရေးဖြေစာမေးပွဲကို မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတ မေးခွန်းတို့ဖြင့် **၂၇-၈-၂၀၂၂** ရက် ( **စနေနေ့** ) နံနက် (၉:၀၀) နာရီမှ (၃:၃၀) နာရီထိ ကျင်းပပြုလုပ်မည်ဖြစ်ပြီး ရေးဖြေအောင်မြင်သူများကိုသာ လူတွေ့စစ်ဆေးခြင်းပြုလုပ်သွားမည်ဖြစ်ပါသည်။ စာမေးပွဲဖြေဆိုခွင့်ကတ်ပြား (ခုံအမှတ်) ကို မြန်မာ့အာမခံလုပ်ငန်း၊ အမှတ် ၆၂၇/ ၆၃၅၊ ကုန်သည်လမ်း၊ ပန်းပဲတန်းမြို့နယ်၊ ရန်ကုန်၌ **၂၄-၈-၂၀၂၂** ရက် (**ဗုဒ္ဓဟူးနေ့**) တွင် လူကိုယ်တိုင်လာရောက်ထုတ်ယူရမည်ဖြစ်ပြီး၊ အရည်အချင်းစစ်လူတွေ့စစ်ဆေးခြင်းပြုလုပ်မည့် နေ့ရက်အားထပ်မံအသိပေးသွားမည်ဖြစ်ပါသည်။

၅။ လူတွေ့စစ်ဆေးချိန်တွင် ဘွဲ့လက်မှတ်၊ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်နှင့် အခြားအောင်လက်မှတ်များ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အလုပ်သမားမှတ်ပုံတင်ကတ်ပြားစသည်တို့ကို မူရင်းတင်ပြနိုင်ရပါမည်။ အသေးစိတ်သိရှိလိုပါက မြန်မာ့အာမခံလုပ်ငန်း (ရုံးချုပ်)၊ ရန်ကုန်၊ ဖုန်း ၀၁-၈၃၇၉၀၈၈ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။